## “ကွမ်းသီးပင်”တွင်ကျရောက်သောရောဂါများနှင့်ကာကွယ်နှိမ်နင်းနည်းများ

### (၅) ပန်းခိုင်ခြောက်သေရောဂါ (Inflorescence die back)

**ရောဂါဖြစ်စေသက်ရှိ** - *Colletotrichum gloeosporioides* (Penz)

**ရောဂါလက္ခဏာများ**

ရောဂါသည် အညိုရောင်အစက်အပြောက်များသည် ပန်းပွင့်များမှတစ်ဆင့် ပန်းခိုင်ထိပ်မှ ပန်းခိုင် အလယ်ရိုးတံ ပျံ့နှံ့သွားပြီး ရိုးတံတစ်ခုလုံးကိုဖုံးအုပ်ကာ အညိုရောင်အညိုရောင် အကွက်များ အဖြစ် ပေါ်လာသည်။ ရောဂါရှိသော ပန်းခိုင်တစ်ခုလုံး ခြောက်သေသွားသည် ။ မှို (conidia) များသည် ရောဂါကွက်များဖြစ်နေသောအရောင်ဖျော့သောနေရာများတွင် ဗဟိုတူ စက်ကွင်းများ ဖြစ်ပေါ်လာသည်။ ရောဂါသည် အများအားဖြင့် ခြောက်သွေ့သော အခြေ အနေတွင် ပြင်းထန် သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- နွေရာသီခြောက်သွေ့သောရာသီဥတုတွင် ရေပေးသွင်းနိုင်အောင်ဆောင်ရွက်ပါ။
- ရောဂါရအကိုင်းအခက်များကို ရှင်းလင်းပစ်ပါ။
- ကြွေကျနေသော၊ အသီးကင်းခြောက်များ၊ ပန်းခိုင်ခြောက်များ၊ အကိုင်းခြောက်များအားသန့်ရှင်းအောင်ဆောင်ရွက်ပါ။
- ပန်းခိုင်များစတင်ထွက်လာချိန်တွင်အောက်ပါ မှိုသတ်ဆေးများဖျန်းခြင်းဖြင့် ကြိုတင်ကာကွယ်ပါ။
- Difenoconazole (ဒီဖီနိုကိုနာဇိုး)
- Mancozeb (မန်ကိုဇက်)
- Chlorothalonil (ကလိုရိုသာလိုနေးလ်)